# တတိယ ကြိမ်မြောက် NCA-S EAO ထိပ်သီးညီလာခံမှ ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး၏ အဖွင့်အမှာစကား

************************************************

စက်တင်ဘာလ ၈ ရက်၊ ၂၀၁၈၊ ချင်းမိုင်။

အားလုံးပဲ မင်္ဂလာပါ။ ဒီနေ့ ကျင်းပတဲ့ တတိယ ကြိမ်မြောက် NCA-S EAO ရဲ့ ထိပ်သီးညီလာခံကို တက်ရောက်လာတဲ့ NCA-S EAO ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများနှင့် သတင်းမီဒီယာများကိုကြိုဆို နှုတ်ခွန်းဆက်ပါတယ်။ ဒီနေ့ထူးခြားချက်ကတော့ NCA အကောင်အထည်ဖော်ဘက်တွေဖြစ်တဲ့ မွန်ပြည်သစ်ပါတီနဲ့ လားဟူ ဒီမိုကရက်တစ်အစည်းအရုံးက ခေါင်းဆောင်များလည်း ဒီညီလာခံမှာ ပထမဦးဆုံးအကြိမ်ပါဝင်လာတဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူပါကြောင်း ဦးစွာ ပြောကြားလိုပါတယ်။ ဖိတ်ကြားထားတဲ့ အခြား NCA လက်မှတ်မထိုးရသေးတဲ့ အဖွဲ့က ခေါင်းဆောင်များကိုလည်း ကြိုဆိုပါတယ်။

ဦးစွာပြောကြားလိုတာကတော့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ တိုင်းရင်းသား ပြည်သူလူထုတရပ်လုံး ဘုံမျှော်မှန်းချက်က ဒီမိုကရေစီနဲ့ ဖယ်ဒရယ်ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်ဖို့ပဲ ဖြစ်ပါတယ်။ ဒီရည်မှန်းချက်အောင်မြင်ဖို့ ကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သာလျှင် တစ်ခုတည်းသော လမ်းဖြစ်ပါတယ်။ ဒီလမ်းစဟာ တိုင်းပြည်ရဲ့ လက်ရှိကြုံတွေ့နေရတဲ့ စိန်ခေါ်မှုပေါင်းများစွာကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ ထွက်ပေါက်လည်းဖြစ်ပါတယ်။

သို့သော်ငြားလည်း ဆယ်စုနှစ်များစွာဖြတ်သန်းခဲ့ရတဲ့ စနစ်အမျိုးမျိုးရဲ့ ပုံဖော်မှုတွေကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှုမြင်တဲ့ နေရာမှာ တစ်ဘက်နဲ့တစ်ဘက်ကြား နက်ရှိုင်းတဲ့ ကွာဟမှုတွေ ရှိနေတာကိုလည်း တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီကွာဟမှုကို ဖြေရှင်း နိုင်ဖို့အတွက် သဘောထားကြီးမှု၊ အမြင်ကျယ်မှုနဲ့ အမျိုးသားမြန် လည်သင့်မြတ်ရေးကို အခြေခံတဲ့စိတ်ဓာတ်တွေ မွေးမြူဖို့ လိုပါတယ်။ ဒါ့အပြင်

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အားလုံးအကြား ယုံကြည်မှု တည်ဆောက်နေတဲ့နေရာမှာ အထောက်အကူဖြစ်စေနိုင်မယ့် ကိစ္စရပ်တွေကိုလည်း ဦးစားပေး ရွေးချယ်သွားရမှာ ဖြစ်သလို ရေရှည်တည်တံ့နိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိရေးအတွက် ဘယ်လိုအတူတကွ အကောင်အထည်ဖော်သွားကြမလဲဆို တာကို ဆွေးနွေးသွားကြမှာပဲ ဖြစ်ပါတယ်။

လက်ရှိမှာ NCA ဟာ ပဏာမ သဘောဆောင်ပြီး bilateral ကို အခြေခံတဲ့ တစ်နိုင်ငံလုံးကို လွှမ်းခြုံတဲ့ အပစ်အခတ်ရပ်စဲရေးစာချုပ်ပဲဖြစ်ပါတယ်။ ဒါကြောင့် bilateral အဆင့်ကနေ နိုင်ငံရေးရပ်ဝန်းဆိုင်ရာ သဘောတူညီမှုရရှိဖို့လိုအပ်နေပါတယ်။ ဒီလို နိုင်ငံရေးရပ်ဝန်း ဆိုင်ရာ သဘောတူညီမှုမရှိလို့ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ တုံ့ဆိုင်းနေတဲ့အခက်အခဲကို ကြုံတွေ့နေ ရတာဖြစ်ပါတယ်။ ဒီကြုံတွေ့ရတဲ့အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့အတွက် ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိတဲ့ ခေါင်းဆောင်များအကြားမှာ အနာဂတ်ဖယ်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို တည်ဆောက်ဖို့အတွက် ဘုံရည်မှန်းချက်နဲ့ ဘုံစံနှုန်းတွေ ညှိနှိုင်းရယူဖို့ လိုပါတယ်။ ဒီလို ဘုံသဘောထားတွေကို တည်ဆောက်တဲ့နေရာမှာလည်း NCA စာချုပ်ကို လက်မှတ်မထိုးရသေးတဲ့ ညီနောင်များကလည်း မရှိမဖြစ်ပါဝင်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီညီနောင်များအတွက်လည်း အလွတ်သဘောဆွေးနွေးပွဲတွေကနေ စတင်ပါဝင်ခွင့်ရှိရမှာပဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ဘယ်သူ့ကိုမှ ချန်ထားလို့မ ရလို့ပဲ ဖြစ်ပါတယ်။

ဒါကြောင့် နိဂုံးချုပ်အနေနဲ့ ပြောချင်တာကတော့ EAOs တွေအကြား မတူကွဲပြားမှုတွေကို နားလည်လက်ခံပြီး ညီညွတ်မှုကို တည်ဆောက်ရမှာ ဖြစ်သလို ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကတဆင့် ဒီမိုကရေစီနဲ့ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရာမှာလည်း မတူညီတဲ့ Stakeholder အကြားကွာဟမှုကို အသိအမှတ်ပြုပြီး တိုင်းပြည်ငြိမ်းချမ်းရေးကိုရရှိရာ ဘုံသဘောထားရပ်တည်ချက်တွေ ခိုင်ခိုင်မာမာချမှတ်အကောင်အထည်ဖော်နိုင်ဘို့အတွက် ညှိနှိုင်းဆောင်ရွက်သွားကြ ရမှာဖြစ်တယ်လို့ ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။


Signatories
Summit
September 8-11,